စက်ဘူမှာ အလုပ်ရှာ

ပထမလူ ။ ။ စက်ဘူမှာ အလုပ် လာလုပ်ဖို့ ဘာတွေ လိုအပ်ပါသလဲ။

ဒုတိယလူ ။ ။ ( ၁ ) သုံးမကုန်အောင် ချမ်းသာတဲ့လူ မဖြစ်ရဘူး။ ( ၂ ) ကုန်းကောက်စရာ မရှိအောင်လည်း မခွဲရဘူး။ ဒါပါပဲ။ ရပါပြီ။

❑

## (၅၃) စာအုပ် လက်ဆောင်

ဇနီး ။ ။ အဲဒီသူတောင်းစားကို ကျမကြည့်လို့ကို မရဘူး။

ခင်ပွန်း။ ။ ဘာဖြစ်လို့လဲကွ၊ မရှိလို့ တောင်းစားနေရရှာပဲ ဥစ္စာ။

ဇနီး ။ ။ ဟိုတစ်နေ့က ထမင်းကျန် ဟင်းကျန်လေးတွေ ပိုနေလို့ ပေးလိုက်မိတယ်။ နောက်နေ့ကျတော့ ကျမကို စာအုပ်တစ်အုပ် လက်ဆောင်လာပေးသွားတယ်။

ခင်ပွန်း။ ။ ဘာစာအုပ်မို့လို့လဲ။

ဇနီး ။ ။ ဟင်း ချက်နည်းစာအုပ်။

❑